# အတူတွဲလို့ ရောင်းကြစို့



အလတ်ချောင်းရွာလေးမှာနေတဲ့ အိတာလေးဟာ ဟင်းရွက်သည်လေးပါ။




ဒီလိုအားပေးဝယ်ယူကြတော့ အိတာသိပ်ပျော်တာပေါ့
ဟင်းရွက်သည်
လာပါဦး

ဒီနေ့ အိတာရောင်းနေကျလမ်းထဲကို နောက်တစ်ယောက် လာဝင်ရောင်းတော့
ဟင်းရွက်တွေရောင်းမကုန်မှာ စိုးရိမ်သွားမိတယ်။





ဟဲ့ – ငါရောင်းတဲ့လမ်းထဲ
ဘာလို့လာရောင်းတာလဲ


ရောင်းမှာပဲ
ငါ့ခေါ်ရင် ငါရောင်း
နှင့်ခေါ်ရင် နင်ရောင်းပေါ့
မရဘူး ...
လုံးဝလာမရောင်းရဘူး


ဒီလိုမပြောနဲ့လေဟာ ငါလည်း
ငါ့မိသားစုစားဝတ်နေရေးအတွက် ရောင်းတာပဲ
နင်လည်း နင့်မိသားစုအတွက်ပဲ မဟုတ်လား


ငါ့မှာက ရောဂါသည်
အမေကြီးကို ဈေးရောင်းကျွေးနေရတာ
မရောင်းရဘူးဆိုရင်အားလုံး
ဒုက္ခရောက်ကုန်မှာပေါ့
ဒါကြောင့် ငါလည်းဈေးရောင်းမှ
ဖြစ်မယ်


အင်း .. ဟုတ်တာပဲ
ငါဈေးရောင်းရမှ ငါ့မိသားစုအဆင်ပြေသလို
သူဈေးရောင်းမှသူ့မိသားစု
ထမင်းစားရမှာ ပြီးတော့သူ့မှာက
ရောဂါသည်အမေကြီးနဲ့


အေးလေ .. ဒါဆိုလည်းငါတို့
အတူတူရောင်းကြတာပေါ့